# သင် NDIS ရန်ပုံငွေကို သုံးစွဲနိုင်သည့် ပံ့ပိုးမှုများ

Burmese | မြန်မာ

အလွယ်ဖတ်



# ဤစာတမ်းနှင့်အတူ ကူညီပါ



သင့်အား ကူညီရန် တစ်စုံတစ်ဦးကို သင်ရနိုင်သည်-

- ဤစာတမ်းကို နားလည်ရန်
- အချက်အလက်များ ပိုမိုရှာဖွေရန်။



ဆက်သွယ်ရန်အချက်အလက်များကို ဤစာတမ်း အဆုံးတွင် ဖော်ပြထားသည်။


# ဤစာတမ်းအကြောင်း

National Disability Insurance Agency (NDIA) မှ ဤစာတမ်းကို ရေးသားခဲ့သည်။



We ဆိုသည့် စကားလုံးကို သုံးခြင်းသည် NDIA ဟု ဆိုလိုခြင်းဖြစ်သည်။


ကျွန်ုပ်တို့သည် အမျိုးသားမသန်စွမ်းမှုအာမခံ အစီအစဉ် သို့မဟုတ် NDIS ကို ပံ့ပိုးပေးပါသည်။




ဤစာတမ်းသည် သင် NDIS ရန်ပုံငွေကို သုံးစွဲ **နိုင်** သည့် ပံ့ပိုးမှုများအကြောင်းဖြစ်သည်။

# သင် NDIS ရန်ပုံငွေကို သုံးစွဲနိုင်သည့် ပံ့ပိုးမှုများ

## နေရာထိုင်ခင်း အထောက်အကူ သို့မဟုတ် အိမ်ငှားအထောက်အကူ




နေရာထိုင်ခင်း သို့မဟုတ် အိမ်ငှားခြင်းဆိုသည်မှာ သင်နေထိုင်သည့်နေရာဖြစ်သည်။



အထောက်အကူဆိုသည်မှာ အကူအညီဖြစ်သည်။

သင်သည် အောက်ပါတို့အတွက် NDIS ရန်ပုံငွေကို အသုံးပြု **နိုင်**သည်-



- နေထိုင်နိုင်မည့် နေရာတစ်ခုခု ကူညီရှာပေးရန် ပံ့ပိုးမှု
- သင်ယခုနေထိုင်သည့်နေရာတွင်နေရန် ပံ့ပိုးမှု။


## အထောက်အကူပြုတိရစ္ဆာန်များ



အထောက်အကူပြုတိရစ္ဆာန် ဆိုသည်မှာ မသန်စွမ်းသူများကို ထောက်ပံ့ရန် လေ့ကျင့်သင်ကြားထားသော တိရစ္ဆာန်များဖြစ်သည်။
ဥပမာ လမ်းညွှန်ခွေး။




သင်သည် NDIS ရန်ပုံငွေကို သတ်မှတ်ချက်ကိုက်ညီသော အထောက်အကူပြု တိရစ္ဆာန်အတွက် သုံးစွဲ **နိုင်သည်**။



သတ်မှတ်ချက်ကိုက်ညီသော အထောက်အကူပြု တိရစ္ဆာန်ဆိုသည်မှာ စစ်ဆေးမှုတစ်ခုကို အောင်မြင်ထားသည့် လေ့ကျင့်သင်ကြားထားသော တိရစ္ဆာန်ဖြစ်သည်။


## ဘဝအဆင့်များ၊ အကူးအပြောင်းများ နှင့် ပံ့ပိုးကူညီမှုများကို ညှိနှိုင်းဆောင်ရွက်ခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းတို့အတွက် အထောက်အကူ

ညှိနှိုင်းဆောင်ရွက်ခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်း ဆိုသည်မှာ စောင့်ရှောက်ရန် ဖြစ်သည်။



ဘဝအဆင့်များနှင့် အကူးအပြောင်းများသည် သင့်ဘဝ၏ အခြေအနေများ ပြောင်းလဲသည့်အချိန်ကို ဆိုလိုသည်။

သင်သည် NDIS ရန်ပုံငွေကို သင့်ဘာသာ လုပ်ဆောင်နိုင်ပုံကို ပြသပေးမည့် ပံ့ပိုးရေးလုပ်သားတစ်ဦး အတွက် သုံးစွဲ **နိုင်** သည်။



ဥပမာ၊ လုပ်ဆောင်ပုံ-


- အိမ်ပြောင်းရန်
- ချိန်းဆိုချက်များကို သွားရန်။

# အလုပ်အကိုင် သို့မဟုတ် အဆင့်မြင့်ပညာရေးကို လက်လှမ်းမီရန်နှင့် ထိန်းသိမ်းရန် အထောက်အကူ

ထိန်းသိမ်းခြင်းဆိုသည်မှာ စောင့်ရှောက်ခြင်းပင် ဖြစ်သည်။



အဆင့်မြင့်ပညာဆိုသည်မှာ အထက်တန်းကျောင်း ပြီးသည့်နောက်ပိုင်း ပညာရေးကို ဆိုလိုသည်။





သင်သည် NDIS ရန်ပုံငွေကို အောက်ပါတို့၏ ပံ့ပိုးမှုများအတွက် သုံးစွဲ **နိုင်သည်**-

- အထက်တန်းကျောင်းမှ အဆင့်မြင့်ပညာသို့ ပြောင်းရွှေ့ရန်



- အလုပ်ရှာရန်
- သင်ယခုလုပ်နေသောအလုပ်ကို ထိန်းသိမ်းရန်။

## အဖွဲ့လိုက် သို့မဟုတ် မျှဝေနေထိုင်မှု အစီအစဉ်တွင် နေ့စဉ်ဘဝတာဝန်များအတွက် အထောက်အကူ



အဖွဲ့လိုက် သို့မဟုတ် မျှဝေနေထိုင်မှု အစီအစဉ် ဆိုသည်မှာ သင်သည် အခြားသူများနှင့် နေထိုင်ခြင်း ကို ဆိုလိုသည်။

သင်သည် NDIS ရန်ပုံငွေကို သင့်အိမ်တွင် သင် လုပ်ဆောင်နိုင်အောင် ကူညီပေးမည့် ပံ့ပိုးမှုများ အတွက် သုံးစွဲ **နိုင်** သည်။





ဥပမာအားဖြင့် သင့်အား မည်ကဲ့သို့လုပ်ဆောင်ရမည် ကို ပြသနိုင်သည့် ပံ့ပိုးကူညီရေးလုပ်သားတစ်ဦး-

- သင့်ကိုယ်သင်စောင့်ရှောက်ရန်
- ချက်ပြုတ်တတ်ရန်
- အိမ်သန့်ရှင်းရေးလုပ်တတ်ရန်။

# ခရီးသွားခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ရေး အစီအစဉ်များဖြင့် ကူညီဆောင်ရွက်ပေးခြင်း

သင်သည် အောက်ပါတို့ဖြစ်လျှင် NDIS ရန်ပုံငွေကို ခရီးသွားရန်နှင့် သယ်ယူပို့ဆောင်ရေးအတွက် သုံးစွဲ **နိုင်** သည်-



- မိမိဘာသာ ခရီးမသွားနိုင်လျှင်
- အများပြည်သူ သယ်ယူပို့ဆောင်ရေးကို မသုံးနိုင်လျှင်။


ဥပမာအားဖြင့်၊ သင်သည် အောက်ပါတို့အတွက် အငှားယာဉ်စီးရန် သင်၏ NDIS ရန်ပုံငွေအချို့ကို အသုံးပြုနိုင်သည်-




- NDIS အထောက်အပံ့များကို ရယူရန်
- ကျောင်းသွားရန်
- အလုပ်သွားရန်။

## အပန်းဖြေရန်အတွက် အထောက်အကူပြု ကိရိယာများ

အထောက်အကူပြုကိရိယာဆိုသည်မှာ တစ်ခုခု လုပ်ဆောင်ရာတွင် အထောက်အကူဖြစ်စေရန် ပြောင်းလဲထားအရာများကို ဆိုလိုသည်။



အပန်းဖြေရန်ဆိုသည်မှာ အားကစားကဲ့သို့ အပျော် သဘောလုပ်သည့် အရာများဖြစ်သည်။



သင်သည် NDIS ရန်ပုံငွေကို သင့်ကိရိယာကို အသုံးပြုနိုင်အောင် ပြောင်းလဲရန်အတွက် သုံးစွဲ **နိုင်** သည်။

## အိမ်မှုကိစ္စများအတွက် အထောက်အကူပြု ကိရိယာများ

အိမ်မှုကိစ္စများအတွက် အထောက်အကူဖြစ်စေသော ထုတ်ကုန်များဆိုသည်မှာ သင်အသုံးပြုနိုင်စေရန် ပြောင်းလဲထားသည့် အရာဝတ္ထုများဖြစ်သည်။



ဥပမာအားဖြင့် သင်သည် အောက်ပါကဲ့သို့သော အလုပ်များကို ကူညီလုပ်ဆောင်ရန် တစ်ခုခုကို ပြောင်းလဲထားသည်-

- သင့်အိမ်ကို သန့်ရှင်းရေးလုပ်ခြင်း
- ချက်ပြုတ်ခြင်း။



သင်သည် NDIS ရန်ပုံငွေကို သင့်အိမ်ဝန်းကျင်ရှိ အလုပ်များကိုလုပ်ဆောင်ရန် လိုအပ်သော အရာများကို ပြောင်းလဲရန်အတွက် သုံးစွဲ **နိုင်** သည်။

## တစ်ကိုယ်ရေ စောင့်ရှောက်မှုနှင့် ဘေးကင်းမှု အတွက် အထောက်အကူပြု ထုတ်ကုန်များ



သင်သည် NDIS ရန်ပုံငွေကို အောက်ပါကဲ့သို့သော အရာများအတွက် သုံးစွဲ **နိုင်**သည်-


- အိမ်သာနှင့် ရေချိုးခန်းသုံး ပစ္စည်းအမျိုးမျိုး
- သင့်လိုအပ်ချက်များကို အထောက်အကူပြုသော အဝတ်အစားနှင့် ပရိဘောဂများ။

# ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် ကိရိယာ



ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ ပစ္စည်းကိရိယာဆိုသည်မှာ အောက်ပါတို့ကို ကူညီပေးနိုင်သည်-

- သင် သတင်းအချက်အလက်များရရန် ကူညီပေး ခြင်း
- သင်က အခြားသူများထံ သတင်း အချက်အလက်ပေးနိုင်ရန် ကူညီပေးခြင်း။



ဥပမာ၊ ဆက်သွယ်ရေးဘုတ်အဖွဲ့။

သင်သည် NDIS ရန်ပုံငွေကို အောက်ပါကဲ့သို့သော သင့်ကို ကူညီပေးနိုင်သည့်အရာများအတွက် သုံးစွဲ **နိုင်**သည်-



- ဆက်သွယ်ရန်
- သင်လိုအပ်သော အချက်အလက်များကိုရယူ ခြင်း။

## ရပ်ရွာ သူနာပြုစောင့်ရှောက်မှု




ရပ်ရွာ သူနာပြုစောင့်ရှောက်မှုဆိုသည်မှာ သင့်အိမ်တွင် ပြုစုစောင့်ရှောက်မှု ရရှိခြင်းကို ဆိုလိုသည်။

သင်သည် အထူးလေ့ကျင့်ပေးထားသော ပုဂ္ဂိုလ်ထံမှ စောင့်ရှောက်မှု လိုအပ်ပါက သင်သည် NDIS ရန်ပုံငွေကို ရပ်ရွာသူနာပြု စောင့်ရှောက်မှုအတွက် သုံးစွဲ **နိုင်**သည်။



ဥပမာအားဖြင့် သင်၏ ဆေးဝါးကို စီမံပေးရန် အထူးလေ့ကျင့်ထားသော သူနာပြုဆရာမတစ်ဦးအား သင်လိုအပ်သည်။

# လိုအပ်ချက်အလိုက် ပြုပြင်ထားသည့် ကိုယ်လက်အင်္ဂါအတုများနှင့် ခန္ဓာကိုယ်အထိန်းပစ္စည်းများ



လိုအပ်ချက်အလိုက်ပြုပြင်ထားခြင်းဆိုသည်မှာ လူတစ်ဦးတည်းအတွက် ပြုလုပ်ထားသည့် အရာတစ်ခုဖြစ်သည်။



ကိုယ်လက်အင်္ဂါအတုဆိုသည်မှာ လူမှပြုလုပ်ထားသော ကိုယ်အင်္ဂါအစိတ်အပိုင်းများဖြစ်သည်။




ခန္ဓာကိုယ်အထိန်းပစ္စည်းများဆိုသည်မှာ လက်သို့မဟုတ် ခြေထောက်ကဲ့သို့ သင့်ခန္ဓာကိုယ်ကို ထောက်ပံ့ပေးသည့် အရာများကို ဆိုလိုသည်။

သင်သည် NDIS ရန်ပုံငွေကို လိုအပ်ချက်အလိုက် ပြုပြင်ထားသည့် ကိုယ်လက်အင်္ဂါအတုများနှင့် ခန္ဓာကိုယ်အထိန်းပစ္စည်းများအတွက် သုံးစွဲ**နိုင်**သည်-

## နေ့စဉ်တစ်ကိုယ်ရေလုပ်ရှားမှုများ


နေ့စဉ် တစ်ကိုယ်ရေလှုပ်ရှားမှုများ ဆိုသည်မှာ သင် နေ့စဉ်လုပ်ဆောင်ရမည့်အရာများဖြစ်သည်။ ဥပမာ ရေချိုးခြင်း။



သင်သည် NDIS ရန်ပုံငွေကို သင်နေ့စဉ်လုပ်ဆောင် ရန် လိုအပ်သည့်အရာများကို ပံ့ပိုးရန်အတွက် သုံးစွဲ **နိုင်**သည်-

## နေ့စဉ်စောင့်ရှောက်မှုနှင့် ဘဝတွက်တာစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေခြင်း

နေ့စဉ်စောင့်ရှောက်မှုနှင့် ဘဝတွက်တာစွမ်းရည် ဆိုသည်မှာ သင်သည် ပို၍အမှီအခိုကင်းနိုင်သည် ဟူ၍ ဖြစ်သည်။




သင်သည် NDIS ရန်ပုံငွေကို နေ့စဉ်စောင့်ရှောက် မှုနှင့် ဘဝတွက်တာစွမ်းရည်များကို လေ့လာရန် အတွက် သုံးစွဲ **နိုင်**သည်-

## မသန်စွမ်းမှုဆိုင်ရာ ကျန်းမာရေး အထောက်အပံ့များ

မသန်စွမ်းမှုဆိုင်ရာ ကျန်းမာရေး ပံ့ပိုးမှုများသည် သင်နေ့စဉ် လုပ်ဆောင်နိုင်ရန် လိုအပ်သော အထောက်အပံ့များ ဖြစ်ပါသည်။



ဥပမာအားဖြင့် သင်သည် မျိုချရ ခက်ခဲသော အခြေအနေရှိပြီး အစာစားနိုင်ရန်အတွက် အထူးပြု လုပ်ထားသော ဇွန်းခက်ရင်းဓားများ လိုအပ် ပါသည်။



သင်သည် NDIS ရန်ပုံငွေကို မသန်စွမ်းမှုဆိုင်ရာ ကျန်းမာရေးပံ့ပိုးမှုများ အတွက် သုံးစွဲ **နိုင်**သည်-

## အစောပိုင်း ကလေးဘဝအတွက် အစောပိုင်း ကြားဝင်ပံ့ပိုးမှုများ



အစောပိုင်းကလေးဘဝဆိုသည်မှာ အောက်ပါ ကလေးများဖြစ်သည်-

- အခြားကလေးများထက် ဖွံ့ဖြိုးမှုနှေးကွေးသော အသက် 6 နှစ်အောက်ကလေးများ
- အသက် 9 နှစ်အောက် မသန်စွမ်းကလေးများ။




ဖွံ့ ဖြိုးမှုဆိုသည်မှာ ကလေးများ ကြီးထွားပုံနှင့် သင်ယူပုံကို ဆိုလိုသည်။



သင်သည် NDIS ရန်ပုံငွေကို ကလေးများအတွက် အောက်ပါတို့ကို ကူညီရန် ကုထုံးကဲ့သို့ အစောပိုင်း ကလေးဘဝ ပံ့ပိုးမှုများအတွက် သုံးစွဲ **နိုင်**သည်-

- ဆက်သွယ်ရန်
- လေ့လာသင်ယူခြင်း။

## လေ့ကျင့်ခန်း၊ ဇီဝကမ္မဗေဒနှင့် တစ်ကိုယ်ရည်ကျန်းမာသုခဆိုင်ရာ လှုပ်ရှားမှုများ




ဇီဝကမ္မဗေဒ ဆိုသည်မှာ သင့်ခန္ဓာကိုယ် အလုပ်လုပ်ပုံကို ဆိုလိုသည်။

ကျန်းမာသုခဆိုသည်မှာ သင်ကျန်းမာပြီး နေကောင်းနေခြင်းကို ဆိုလိုသည်။

သင်သည် NDIS ရန်ပုံငွေကို သင့်ကို ကျန်းမာပြီး နေကောင်းနေစေသော အရာများအတွက် သုံးစွဲ**နိုင်**သည်-

ဥပမာအားဖြင့်၊ သင့်အား အောက်ပါတို့ကို ကူညီပေးမည့် ကျွမ်းကျင်ပညာရှင်တစ်ဦးကို ငွေပေးချေရန်-



- လှုပ်ရှားရန်
- ဆက်လက်ကြံ့ခိုင်စေရန်။


## အဖွဲ့လိုက်နှင့် စင်တာအခြေပြုလှုပ်ရှားမှုများ



စင်တာအခြေပြုဆိုသည်မှာ လူများစုပေါင်း၍ လှုပ်ရှားမှုများ ပြုလုပ်သည့်နေရာဖြစ်သည်။ ဥပမာ အားဖြင့်၊ ရပ်ရွာစင်တာ။

သင်သည် NDIS ရန်ပုံငွေကို အဖွဲ့လိုက်နှင့် စင်တာ အခြေပြုလှုပ်ရှားမှုများအတွက် သုံးစွဲ **နိုင်**သည်။

## အကြားအာရုံကိရိယာ



သင်သည် NDIS ရန်ပုံငွေကို သင် ကြားနိုင်အောင် ကူညီပေးသည့် အချို့အရာများအတွက် သုံးစွဲ **နိုင်**သည်။


## ပြင်းထန်မှုမြင့်မားသော နေ့စဉ်တစ်ကိုယ်ရေ လုပ်ရှားမှုများ

နေ့စဉ် တစ်ကိုယ်ရေလှုပ်ရှားမှုများ ဆိုသည်မှာ သင် နေ့စဉ် လုပ်ရမည့်အရာများဖြစ်သည်။



သင်လိုအပ်နိုင်သည်မှာ-


- သင့်ကို ကူညီပေးမည့်လူများစွာ
- သင့်အား ကူညီပေးမည့် အထူးကိရိယာများ။



သင်သည် NDIS ရန်ပုံငွေကို ဤလှုပ်ရှားမှုများကို ကူညီပေးရန်အတွက် သုံးစွဲ**နိုင်**သည်။

# အိမ်ပြုပြင်မွမ်းမံခြင်း ဒီဇိုင်းနှင့် ဆောက်လုပ်ရေး

အိမ်ပြုပြင်မွမ်းမံခြင်း ဒီဇိုင်းနှင့် ဆောက်လုပ်ရေး ဆိုသည်မှာ သင့်အိမ်၏ပုံစံကို-




- သင်၏ မသန်စွမ်းမှုကို ပံ့ပိုးရန် ပြောင်းလဲ ထားသည်။




- သင့်မသန်စွမ်းမှုကို ထောက်ပံ့ပေးရန် စီစဉ် ထားသည်။
- သင့်မသန်စွမ်းမှုကို ပံ့ပိုးရန် တည်ဆောက် ထားသည်။

သင်သည် NDIS ရန်ပုံငွေကို သင့်အိမ်တွင် နေထိုင်ရ ပိုမိုလွယ်ကူအောင် ပြုလုပ်ရန်အတွက် သုံးစွဲ **နိုင်**သည်။



ဥပမာအားဖြင့် သင့်အိမ်တွင် အမှီအခိုကင်းအောင် ကူညီပေးနိုင်မည့် အပြောင်းအလဲများအတွက် ငွေ ပေးချေရန်။

## အိမ်မှုကိစ္စများ



သင်သည် NDIS ရန်ပုံငွေကို သင်၏မသန်စွမ်းမှုကြောင့် အကူအညီလိုအပ်သော အရာများအတွက် သုံးစွဲ**နိုင်**သည်။



ဥပမာအားဖြင့်-

- ချက်ပြုတ်ခြင်း
- သန့်ရှင်းရေးလုပ်ခြင်း
- အဝတ်လျှော်ခြင်း။



## ဆန်းသစ်တီထွင်မှုရှိသော အသိုက်အဝန်းတွင် ပူးပေါင်းပါဝင်မှု



ဆန်းသစ်တီထွင်မှုရှိသော အသိုက်အဝန်း ပူးပေါင်း ပါဝင်မှုသည် လိုအပ်ချက်များစွာရှိသော လူများ အတွက် အထောက်အပံ့ကို ဆိုလိုသည်။ .

၎င်းသည် လိုအပ်ချက်များစွာရှိသော လူများကို ရပ်ရွာအသိုက်အဝန်းဘဝတွင် ပါဝင်ရန် ကူညီ ပေးသည်။

## စကားပြန်နှင့်ဘာသာပြန်



စကားပြန်နှင့် ဘာသာပြန်ဆိုခြင်းဆိုသည်မှာ သင် သည် အောက်ပါအားဖြင့် သတင်းအချက်အလက်ကို ရရှိသည်-

- သင်နားလည်သည့် ဘာသာစကား
- သင်နားလည်သည့် ပုံစံ။



သင်သည် NDIS ရန်ပုံငွေကို စကားပြန်နှင့် ဘာသာ ပြန်ဝန်ဆောင်မှုများအတွက် သုံးစွဲ**နိုင်**သည်။


## အထောက်အပံ့များအတွက် ရန်ပုံငွေစီမံခန့်ခွဲမှု



ပံ့ပိုးမှုများအတွက် ရန်ပုံငွေစီမံခန့်ခွဲမှုဆိုသည်မှာ တစ်စုံတစ်ဦးသည် သင့်အတွက် NDIS ရန်ပုံငွေကို စောင့်ကြပ်ကြည့်ရှုခြင်းဖြစ်သည်။

သင်သည် NDIS ရန်ပုံငွေကို အစီအစဉ်မန်နေဂျာ တစ်ဦးအတွက် သုံးစွဲ**နိုင်**သည်။

အစီအစဉ်မန်နေဂျာသည် အောက်ပါတို့ကို လုပ်ဆောင်နိုင်သည်-




- သင့်အတွက် အထောက်အပံ့များကို ရှာဖွေပေးနိုင်ခြင်း
- သင့်အား ဝန်ဆောင်မှုပေးသူများကို ငွေပေးချေခြင်း။

## ရုပ်ရှင်၊ လူမှုရေးနှင့် ပြည်သူ့ရေးရာ လှုပ်ရှားမှုများတွင် ပါဝင်ခြင်း



သင်သည် NDIS ရန်ပုံငွေကို လှုပ်ရှားမှုများတွင် ပါဝင်ရန် ပံ့ပိုးမှုအတွက် သုံးစွဲ**နိုင်**သည်။

## တစ်ကိုယ်ရေ ရွေ့လျားမှုဆိုင်ရာ ကိရိယာ များ



သင်သည် NDIS ရန်ပုံငွေကို တစ်ကိုယ်ရေ ရွေ့လျားမှုဆိုင်ရာ ကိရိယာများအတွက် သုံးစွဲ**နိုင်**သည်။ ဥပမာ တုတ်ကောက်။


## အထူးမသန်စွမ်းသူများဂေဟာ



အထူးမသန်စွမ်းသူများဂေဟာ သို့မဟုတ် SDA ဆိုသည်မှာ လိုအပ်ချက်များစွာရှိသူများအတွက် နေအိမ်ဖြစ်သည်။


သင်သည် NDIS ရန်ပုံငွေကို SDAအတွက် သုံးစွဲ**နိုင်**သည်။

## အထူးယာဉ်မောင်းသင်တန်း



အထူးယာဉ်မောင်းသင်တန်း ဆိုသည်မှာ-

- ယာဉ်မောင်းရန် အထူးစက်ကိရိယာများ အသုံးပြု၍ သင်ယူခြင်းဖြစ်သည်
- အထူးကားတစ်စီးကို မောင်းရန် သင်ယူခြင်း ဖြစ်သည်။



သင်သည် NDIS ရန်ပုံငွေကို အထူးယာဉ်မောင်း သင်တန်းအတွက် သုံးစွဲ**နိုင်**သည်။

## အထူးနားကြားဝန်ဆောင်မှုများ




အထူးနားကြားခြင်းဝန်ဆောင်မှုများသည် လိုအပ်ချက်များစွာရှိသူများအတွက် နားကြား ဝန်ဆောင်မှုများဖြစ်သည်။

သင်သည် NDIS ရန်ပုံငွေကို အထူးနားကြား ဝန်ဆောင်မှုများအတွက် သုံးစွဲ**နိုင်**သည်။

## အထူးပညာရှင်၏ အပြုသဘောဆောင်သော အပြုအမူ ပံ့ပိုးမှု

သင်သည် NDIS ရန်ပုံငွေကို အထူးပညာရှင်၏ အပြုသဘောဆောင်သော အပြုအမူ ပံ့ပိုးမှုအတွက် သုံးစွဲ**နိုင်**သည်။

အထူးပညာရှင်၏ အပြုသဘောဆောင်သော အပြုအမူပံ့ပိုးမှု ဆိုသည်မှာ သင်သည် အောက်ပါတို့ဖြစ်လျှင် အထူးသင်တန်းတက်ရောက်ထားသူများက သင့်ကို ကူညီပေးခြင်းဖြစ်သည်-



- သင့်အတွက် မလုံခြုံသည့် အရာများကို လုပ်ဆောင်လျှင်
- အခြားသူများအတွက် မလုံခြုံသည့် အရာများကို လုပ်ဆောင်လျှင်။

## အထူးပံ့ပိုးပေးထားသော အလုပ်အကိုင်

အထူးပြု ပံ့ပိုးထားသော အလုပ်အကိုင်ဆိုသည်မှာ သင်သည် အောက်ပါတို့ဖြစ်လျှင် အလုပ်အကိုင်တစ်ခုရရန် အကူအညီကို ဆိုလိုသည်-



- သင့်တွင် လိုအပ်ချက်များစွာရှိလျှင်
- သင်လုပ်ငန်းခွင်တွင် ပံ့ပိုးမှုများစွာ လိုအပ်လျှင်




သင်သည် NDIS ရန်ပုံငွေကို အထူးပံ့ပိုးထားသည့် အလုပ်အကိုင်အတွက် သုံးစွဲ**နိုင်**သည်။

## ပံ့ပိုးမှု ချိတ်ဆက်ညှိနှိုင်းခြင်း

ပံ့ပိုးမှု ချိတ်ဆက်ညှိနှိုင်းခြင်းဆိုသည်မှာ အောက်ပါတို့နှင့် ချိတ်ဆက်ရန် အပိုအကူအညီ ရယူခြင်းကို ဆိုလိုသည် -



- မိသားစု
- မိတ်ဆွေများ
- ရပ်ရွာအသိုင်းအဝိုင်းနှင့် NDIS ပံ့ပိုးမှုများ။



သင်သည် NDIS ရန်ပုံငွေကို အထူးပံ့ပိုးမှု ချိတ်ဆက်ညှိနှိုင်းရန်အတွက် သုံးစွဲ**နိုင်**သည်။

## ကုထုံးဆိုင်ရာပံ့ပိုးမှုများ

ကုထုံးဆိုင်ရာ ပံ့ပိုးမှုများသည် အောက်ပါတို့ကို ကူညီပေးသည်-




- ဆက်သွယ်ရန်
- ရွေ့လျားသွားလာနိုင်ရန်
- အမှီအခိုကင်းကင်းနေနိုင်ရန်။

သင်သည် NDIS ရန်ပုံငွေကို ကုထုံးပံ့ပိုးမှုများ အတွက် သုံးစွဲ**နိုင်**သည်။

## ယာဉ်ပြုပြင်မွမ်းမံခြင်း။


ယာဉ်မွမ်းမံမှုများသည် သင့်ကားအတွက် အောက်ပါတို့ပြုလုပ်နိုင်စေရန် ပြောင်းလဲမှုများကို ဆိုလိုသည်-



- သင် မောင်းနှင်နိုင်အောင် ကူညီပေးရန်
- ကားပေါ်တက်နိုင်ရန်။


သင်သည် NDIS ရန်ပုံငွေကို ယာဉ်မွမ်းမံမှုများ အတွက် သုံးစွဲ**နိုင်**သည်။

# အမြင်အာရုံကိရိယာ




သင်သည် NDIS ရန်ပုံငွေကို အမြင်အာရုံ ကိရိယာ အတွက် သုံးစွဲ**နိုင်**သည်။

အမြင်အာရုံကိရိယာဆိုသည်မှာ သင့်အား မြင် နိုင် သို့မဟုတ် ဖတ်နိုင်စေမည့် အရာများကို ဆိုလိုသည်။



ဥပမာအားဖြင့်-

- မျက်မမြင်စာ
- မှန်ဘီလူး။



မှန်ဘီလူးသည် အရာများကို ပိုကြီးစေသည်။

## ဤစာတမ်းအကြောင်း နောက်ထပ် အချက်အလက်များ

ဤစာရွက်စာတမ်းနှင့်ပတ်သက်သော နောက်ထပ် အချက်အလက်များအတွက် ကျေးဇူးပြု၍ ကျွန်ုပ်တို့ထံ ဆက်သွယ်ပါ။




### ကျွန်တော်တို့ကို ဖုန်းခေါ်ဆိုနိုင်ပါသည်

1800 800 110



### ကျွန်ုပ်တို့ထံ အီးမေးလ်ပေးပို့နိုင်ပါသည်

enquiries@ndis.gov.au



### ကျွန်ုပ်တို့၏ ရုံးတစ်ခုသို့ လူကိုယ်တိုင်လာ ရောက်နိုင်ပါသည်

သင့်ဒေသခံရုံးကို NDIS ဝဘ်ဆိုဒ်တွင် သင်ရှာဖွေ နိုင်ပါသည်။ ndis.gov.au/contact/locations

## NDIA အကြောင်းပိုမိုလေ့လာပါ




### ကျွန်ုပ်တို့၏ဝဘ်ဆိုဒ်သို့ ဝင်ရောက် ကြည့်ရှုပါ

ndis.gov.au

### ကျွန်တော်တို့၏ လူမှုမီဒီယာများအား စောင့်ကြည့်ပါ

Facebook, Twitter, Instagram, YouTube, LinkedIn

# ကျွန်ုပ်တို့ထံ ဆက်သွယ်ရန် အကူအညီ ရယူပါ

## အင်္ဂလိပ်စာ အကူအညီလိုအပ်သူများအတွက်



ဘာသာပြန်ခြင်းနှင့် စကားပြန်ဝန်ဆောင်မှု (TIS) ကို ဖုန်းခေါ်ဆိုနိုင်ပါသည်။

131 450

## နားမကြားသူများ သို့မဟုတ် နားကြား အခက်အခဲရှိသူများအတွက်




National Relay Service (အမျိုးသားထပ်ဆင့်လွှင့် ဝန်ဆောင်မှု) ကို သင်အသုံးပြုနိုင်သည်။

relayservice.gov.au



သင်သည် စာသားတယ်လီဖုန်းမုဒ် (TTY) ကို အသုံးပြုနိုင်သည်။

1800 555 677



အသံထပ်ဆင့်လွှင့် ဝန်ဆောင်မှုကို သင်သုံးနိုင်သည်။

1800 555 727

ဤအလွယ်ဖတ်စာတမ်းကို Picture Communication Symbols (PCS) အသုံးပြု၍ Scope (Aust) Ltd. မှ 2024 ခုနှစ် နိုဝင်ဘာလတွင် ဖန်တီးခဲ့သည်။ PCS သည် Tobii Dynavox, LLC ၏ ကုန်အမှတ်တံဆိပ်တစ်ခုဖြစ်သည်။ မူပိုင်ခွင့်ကိုလက်ဝယ်ထားသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုသည်။ ဤစာရွက်စာတမ်းကို ပြင်ပအဖွဲ့အစည်းများထံ ရောင်းချခြင်းမပြုရပါ။ ခွင့်ပြုချက်မရှိဘဲ ပုံများကို ပြန်လည်အသုံးပြုခြင်းမပြုရပါ။ ပုံများအကြောင်း ပိုမိုသိရှိလိုပါက Scope ကို ဖုန်း 1300 472 673 သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည် သို့မဟုတ် scopeaust.org.au တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်